الإمام مسلم بن الحجاج

ဆွဟီဟ် မွတ်စ်လင်မ် ကျမ်းရှင်

အိမာမ်မွတ်စ်လင်မ်၏

အထူးပွတ္တိအကျဉ်း

မိုဟမ္မဒ် အင်မ်ရာန် (ဗန်းမော်)

ဆွဟီးဟ်မွစ်လင်မ်ကျမ်းရှင်

အေမာမ်မွစ်လင်မ်၏ အထုတ္တုပတ္တိအကျဉ်း။

အီမာမ် မွတ်စလင်မ် (Imam Muslim) ဟာ အစ္စလာမ်သာသနာ့သမိုင်းမှာ အလွန်ထင်ရှားကျော်ကြားတဲ့ ဟဒီးစ်ပညာရှင်တစ်ဦး ဖြစ်တယ်။

အီမာမ်ကြီးပြုစုခဲ့တဲ့ "ဆွဟီးဟ် မွတ်စလင်မ်" (Sahih Muslim) ကျမ်းဟာ အစ္စလာမ်သမိုင်းမှာ ကျမ်းမြတ်ကုရ်အာန်ပြီးရင် အမှန်ကန်ဆုံးလို့ သတ်မှတ်ကြတဲ့ "ဆဟီးဟိုင်းန်"

(Sahihayn) ကျမ်းနှစ်စောင်ထဲက တစ်စောင် ဖြစ်တယ်။

အေမာမ်မွတ်စလင်မ်၏ကိုယ်ရေးရာဇဝင်အကျဉ်း.....

✨အေမာမ်မွစ်လင်မ်ရဲ့အမည်နာမ အပြည့်အစုံမှာ အဗွလ်ဟိုစိုင်းန် မွစ်တ်လင်မ် ဗင်န် ဟဂျ်ဂျာဂျ် ဗင်န် မွစ်တ်လင်မ် ဗင်န် ဝဓ်ဒ် ဗင်န် ကိုရှားဓ် ကိုရှိုင်ရီ ကအ်ဗီ နိုင်စာပူရီ ဖြစ်တယ်။

✨ကွန်နီယသ်(كنيت)မှာ အဗွလ်ဟိုစိုင်းန်ဖြစ်ပြီး လကဗ်(لقب)မှာ နိုင်စာပူရီဖြစ်တယ်။
အေမာမ်ကြီးဟာ အရဗ်လူမျိုးဖြစ်ပြီး ဗနီကိုရှိုင်းမျိုးနွယ်ထဲက ဖြစ်တယ်။
ဗနီကိုရှိုင်းမျိုးနွယ်ဟာ အရဗ်နိုင်ငံရဲ့ကျော်ကြားလှတဲ့ မျိုးနွယ်စု တစ်စုဖြစ်တယ်။

✨အေမာမ်မွစ်လင်မ် မွေးဖွားခြင်း.....

အေမာမ်မွစ်လင်မ်ဟာ ဟိစ်ဂျ်ရီ (၂၀၆) ခုနှစ်၊ခရစ်နှစ်(၈၂၂) ခုနှစ်မှာ
နိုင်စာပူရ်မြို့မှာဖွားမြင်ခဲ့တယ်။

နိုင်စာပူရ်ဒေသဟာ ခိုရာစာန်ပြည်နယ်ရဲ့ကျော်ကြားတဲ့မြို့တစ်မြို့ဖြစ်ပြီး အဲ့ဒီအချိန်က နိုင်စာပူရ်ဒေသဟာ အစ္စလာမ့်ကမ္ဘာမှာ အေလင်မ်ပညာရဲ့မရ်ကဇ်ဖြစ်လာခဲ့ပြီး ဟဒီဆ်ပညာရဲ့ရန့်တွေဟာလည်း စတင်မွေးကြိုင် သင်းပြန့်လာခဲ့တဲ့ အချိန် သမယလည်းပဲဖြစ်တယ်။အဲ့ဒီအတွက်ကြောင့်အေမာမ်မွတ်စလင်မ်ဟာမိမိရဲ့မွေးရပ်ဌာနေမှာပဲ ဟဒီစ်ရဲ့အခြေခံကျတဲ့ပညာရပ်တွေကိုစတင်သင်ယူဆည်းပူးနိုင်ခဲ့တယ်။

(အေမာမ်မွစ်လင်မ် မွေးဖွားတဲ့ ခုနှစ်နဲ့ပက်သက်ပြီး ပညာရှင်တွေရဲ့ကြားထဲ အကွဲအလွဲဟာ (၄) ခုရှိတယ်။)

၁။အေမာမ်ရှမ်စွဒ်ဒြီးန် ဇော်ဗီ သခင်က မိမိရဲ့ကေသာဗွလ် အဗ်ရ် စာအုပ်မှာ ဟိစ်ဂျ်ရီ (၂၀၁) ခုနှစ်လို့ ဖော်ပြထားတယ်။ ဒီအဆိုအရ အေမာမ်မွစ်တ်လင်မ်ဟာ အသက် (၆၀) မှာ ကွယ်လွန်ဝဖွားသ်ဖြစ်ခဲ့တယ်ဆိုတာလည်းထပ်မံ သိရှိရပါတယ်။ အေမာမ် အိဗ်နေ့ ဟမ္မာဒ် ဟန်ဘလီ သခင်ကလည်း မိမိရဲ့ရှဇရာသွလ် ဇော်ဗ် ကျမ်းမှာ ဒီအဆိုကို ရေးသားထားတယ်။

၂။သာရီးခ် အဒါးဗ် အရဗီ ကျမ်းကြီးကို အရဗီဘာသာကနေ ဂျာမန်ဘာသာကို ပထမဦးဆုံး ပြန်ဆိုခဲ့တဲ့ ဘရော့ကယ်မန်ကလည်း ဟိစ်ဂျ်ရီ (၂၀၂) ခုနှစ်လို့ မိမိရဲ့ ကေသာဗွလ်အဒဗ်ကျမ်းမှာ ဖော်ပြထားတယ်။

၃။အေမာမ်ဇော်ဗီသခင်က မိမိရဲ့ဆော့ရရှိ အအ်လာမိလ် နို့ဗလာအော့၊ သဇ်ကိရသွလ် ဟဖ်ဖွာဇ် ကျမ်းတွေမှာ အေမာမ်မွစ်တ်လင်မ်ရဲ့မွေးခုနှစ်က ဟိစ်ဂျ်ရီ (၂၀၄) ခုနှစ်လို့ ဖော်ပြထားတယ်။ ဒီအဆိုကို ဘယ်သူမှ အတည်မပြုခဲ့ပေမယ့် အေမာမ် အိဗ်နေ့ကစီးရ် ဒမ်ရှကီ၊ အေမာမ် အိဗ်နေ့ဟဂျရ် အတ်စ်ကလာနီ တစ်ခြားပညာရှင်တွေက အတည်ပြုခဲ့ကြတယ်။

၄။ဟိစ်ဂျ်ရီ (၂၀၆) ခုနှစ်၊ ဒီအဆိုဟာ အေမာမ်အိဗ်နေ့ဟာကိမ်ရဲ့ အဆိုဖြစ်တယ်။ အေမာမ်အိဗ်နေ့ဟာကိမ်သခင်က ဒီအဆိုကိုအေမာမ် အိဗ်နေ့ အခ်ဧမ် သခင်ထံကနေကြားနာခဲ့ပြီးဆင့်ပြန်ခဲ့တာလည်းဖြစ်တယ်။ အေမာမ် အိဗ်နေ့ ဆွလာဟ်ကလည်း ဒီအဆိုအတိုင်း မိန့်ခဲ့ပါတယ်။

✨အေမာမ်မွတ်စလင်မ်၏ရုပ်ဆင်းသဏ္ဌာန်

အိမာမ် ဟာကင်မ်(ရဟ်)က အိမာမ်မွတ်စလင်မ်ရဲ့ ရုပ်ဆင်းသဏ္ဌာန်နဲ့ပတ်သက်ပြီး တင်ပြခဲ့တယ်။

အိမာမ်ကြီးဟာ အရပ်ရှည်ပြီး ကြည့်ကောင်းသူတစ်ဦးဖြစ်တယ်။

ဆံကေသာနဲ့အမွှေးအမျှင်တွေဟာ ဖွေးဖြူလျှက်ရှိတယ်။။

ခေါင်းပေါင်းစကို ပုခုံးနှစ်ဖက်ကြားမှာ ချထားလေ့ရှိတယ်။

အေမာမ်မွတ်စလင်မ်ဟာကောင်းရာကောင်းကျိုးကိုများစွာပြုလုပ်သူ၊များစွာရက်ရော သောသူတစ်ယောက်ဖြစ်တယ်။ဘယ်လောက်ထိလဲဆိုရင်

အေမာမ်ဇဟ်ထိ(ရဟ်)သခင်ကြီးကိုယ်တိုင်က အိမာမ်ကြီးကို "မိုဟ်စင်နိုင်စာပူရ်"လို့အမည်ပေးရအောင်အထိပါပဲ။

အဗ်ဒွလ်အဇီဇ်ဒေဟ်လဝီ(ရဟ်)ကမိမိရဲ့ "ဘွစ်သာနူလ်မိုဟဒ်ဒီစီန်း" ကျမ်းမှာဖော်ပြထားတယ်။

အိမာမ်မွတ်စ်လင်မ်ဟာ ဘဝတစ်လျှောက်လုံးဘယ်သူကိုမှ အတင်းပြောခဲ့ခြင်းမရှိဘူး။ဘယ်သူကိုမှလဲမကောင်းပြောခဲ့ခြင်းမရှိဘူး။

မည်သူ့ကိုမှလည်းမတရားသဖြင့်ရိုက်ပုတ်ခြင်းမရှိခဲ့ဘူး။အိမာမ်ကြီးဟာ မိမိရဲ့ဆရာတွေကိုအတိုင်းထက်အလွန်ချစ်ခင်လေးစားခဲ့သူဖြစ်တယ်။

သို့ပေမဲ့ ပညတ်ချက်တစ်ခုမှာဆရာနဲ့တပည့်ကွဲလွဲနေခဲ့ရင်လဲ ဖုံးကွယ်မထားပဲနဲ့ပွင့်ပွင့်လင်းလင်းချပြဆွေးနွေးတတ်သူဖြစ်တယ်။

✨အေမာမ်ကြီး၏ဖခင်...

အေမာမ်မွစ်လင်မ်ရဲ့ဖခင် ဟဂ်ျာဂျ်နဲ့ပက်သက်ပြီး ရှိုက်ခ် မိုဟမ္မဒ်ဗင်နဲအဗ်ဒွလ်ဝဟ္ဟာဗ်ဖရ်ရားအ်(ရဟေ့)သခင်က"အေမာမ်မွစ်တ်လင်မ်ရဲ့ဖခင်ဟာ ဟဒီးဆ်ပညာရှင်တွေထဲကပညာရှင်တစ်ပါးဖြစ်တယ်" လို့ မိန့်ကြားခဲ့တယ်။

✨အေမာမ်မွစ်လင်မ် ရဲ့ ပညာရေးခရီး....

အေမာမ်မွစ်လင်မ်ဟာ ကျော်ကြားလှတဲ့ ဟဒီးဆ်ပညာရှင်တွေထဲက
ပညာရှင်တစ်ပါးဖြစ်တယ်။ အေမာမ်ကြီးဟာ ငယ်ရွယ်စဉ်ကတည်းက ဟဒီဆ်ပညာကို
အပတ်တကုတ် သင်ယူဆည်းပူးခဲ့ပြီး ဟိစ်ဂျ်ရီ ၂၁၈ ခုနှစ်မှာ အေမာမ်ကြီးဟာ
ဟဒီးဆ်တော်တွေကို သင်ယူဆည်းပူးနှလုံးသွင်းဖို့အတွက်
နေရာအနှံ့အပြားကိုစတင်ခရီးထွက်ခဲ့တယ်။ ထိုအချိန်က အေမာမ်ကြီးရဲ့သက်တော်ဟာ
၁၂ နှစ်မျှသာ ရှိပါသေးတယ်။ အေမာမ်ကြီးဟာပညာရှာဖွေဖို့ရန်အတွက်
အာရေဗျကျွန်းဆွယ်၊အီဂျစ်၊အီရတ်နဲ့ဆီးရီးယားနိုင်ငံတွေကိုခရီးထွက်ခဲ့တယ်။

အဲဒီခေတ်က ဟဒီးစ်ပညာရှင်တစ်ယောက်ဖြစ်ဖို့ဆိုရင် ဒေသအနှံ့ ခရီးလှည့်လည်ပြီး
ဆင့်ပြန်သူ (Narrators) တွေဆီကနေ တိုက်ရိုက် နားထောင်ဖို့ လိုအပ်ပါတယ်။
အဲ့ဒီလိုနားထောင်ရဖို့ရန်အတွက်အီမာမ် မွတ်စလင်မ်ဟာ အောက်ပါဒေသတွေကို
အကြိမ်ကြိမ် သွားရောက်ခဲ့ပါတယ် -

* ဟေဂျားဇ်ဒေသ (မက္ကာဟ်နှင့် မဒီနာဟ်): ဟဂ်ျပြုရင်းနဲ့ ထိပ်တန်းပညာရှင်တွေဆီက
ဟဒီးစ်ယူခဲ့ပါတယ်။

* အီရတ် (ကူဖဟ်နှင့် ဘဂ္ဂဒတ်): အဲဒီခေတ်က ပညာရှင်အများဆုံး စုဝေးရာနေရာတွေ
ဖြစ်ပါတယ်။

* အီဂျစ် နှင့် ဆီးရီးယား: ဒေသအသီးသီးမှာ ပျံ့နှံ့နေတဲ့ တမန်တော်မြတ်ကြီးဆွေရဲ့ မိန့်ဆိုချက်တွေကို လိုက်လံစုဆောင်းခဲ့ပါတယ်။

အေမာမ်ကြီးဟာ ဒီဒေသတွေကိုသွား ရောက်ပြီး ဆရာတစ်ဦးတည်းဆီမှာပဲ သင်ယူခဲ့တာမဟုတ်ဘဲ ဆရာပေါင်း ၂၂၀ ကျော် ထံကနေ ပညာဆည်းပူးခဲ့တယ်လို့ မှတ်တမ်းတင်ထားပါတယ်။

အဲ့ဒီအတွက်ကြောင့်ဟဒီစ်တော်တွေရဲ့စကားလုံးအသုံးအနှုန်းကွဲလွဲမှုတွေကိုလည်းတိကျ သေချာစွာမှတ်တမ်းတင်ထားနိုင်ခဲ့တယ်လို့ဆိုပါတယ်။

မိမိရဲ့ကျမ်းထဲမှာလည်း ဟဒီစ်တော်တွေကိုတိကျသေချာစွာသိရှိရမှသာ ရေးသားလေ့ရှိပြီး ထင်ရာရေးသားခြင်းမျိုးကနေ အထူးသတိထားလေ့ရှိတယ်။

အေမာမ်မွစ်လင်မ်ဟာ ဟဒီဆ်ပညာရပ်ကို သင်ယူဆည်းပူးဖို့အတွက် ဒီကျယ်ပြောလှတဲ့ အရဗ်ကမ္ဘာတစ်ခွင်သို့ ခရီးနှင်းခဲ့တာနဲ့ပတ်သက်ပြီး အေမာမ်နောင်ဝ်ဝရီ(ရဟေ့)သခင်က ပြောပြခဲ့တယ်။ "အေမာမ်မွစ်တ်လင်မ်ဟာ ဟဒီးဆ်ပညာသင်ယူဖို့အတွက်

မြို့ရွာ၊ဒေသတွေမှာရှိတဲ့ ပညာရှင်တွေထံ စိတ်အားထက်သန်စွာနဲ့ ခရီးထွက်ခွာတဲ့ သူတွေထဲက တစ်ယောက်ဖြစ်တယ်"ဆိုပြီးအမိန့်ရှိတော်မူထားတယ်။

ဟိစ်ဂျ်ရီ (၂၁၈) ခုနှစ်မှာ အေမာမ်မွစ်လင်မ်ဟာ ဦးစွာ မိမိမွေးရပ်မြေဖြစ်တဲ့ နိုင်စာပူရ်ဒေသက ဟဒီးဆ်ပညာရှင်တွေထံကနေ မြောက်များစွာသော ရေဝါယသ်တွေကို သင်ယူဆည်းပူးခဲ့ပြီး.....

၁။ခိုရာစာန်ဒေသမှာ ယဟ်ယာဗင်န် ယဟ်ယာ သမီမီ(ရဟ့)ထံမှ လည်းကောင်း

၂။အိစ်ဟာက်ဗင်နရဟ်ဝိုင်းယ်(ရဟ့)ထံမှ လည်းကောင်း

၃။မိုဟမ္မဒ်ဗင်နမဲဟ်ရာဂျမာလ်(ရဟ့)ထံမှ လည်းကောင်း

၄။အဗူဂစ္စာန်(ရဟ့)ထံမှ လည်းကောင်း

၅မိုဟမ္မဒ်ဗင်န်အမရ်ဇာနီဂျာ(ရဟော့)ထံမှ လည်းကောင်း
ဟမ္မဒ်ဗင်န်အမရ်ဇာနီဂျာ(ရဟော့)ထံမှ လည်းကောင်း

ဟဒီဆ်ပညာရပ်တွေကို သင်ယူဆည်းပူးခဲ့ပါတယ်။

ဟိဂ်ျရီ(၂၂၀)ခုနှစ်မှာတော့ အေမာမ်ကြီးဟာ ဟဒီးဆ်ပညာကို သင်ယူဆည်းပူးဖို့အတွက် မိမိရဲ့မွေးရပ်မြေဖြစ်တဲ့ ခိုရာစာန်ပြည်နယ် နိုင်စာပူရ်ဒေသကို စွန့်ခွာပြီး ပထမဦးဆုံး ခရီးနှင်းခဲ့ပါတယ်။ ထိုအချိန်မှာ အေမာမ်ကြီးရဲ့သက်တော်ဟာ (၁၄)နှစ် ရှိပြီဖြစ်တယ်။

✨အေမာမ်ကြီးရဲ့မက္ကာဟ်နှင့်မဒီနာမြို့ခရီးစဉ်....

အေမာမ်ကြီးဟာ ဖရစ်ဇ်တာဝန်ဖြစ်တဲ့ "ဟဂ်ျ"တာဝန်ဝတ္တရားတွေကို ထမ်းဆောင်ဖို့အတွက် မက္ကာဟ်ရွှေမြို့တော်ဘက်ကိုစတင်ထွက်ခွာလာခဲ့ပါတယ်။

မက္ကာဟ်ရွှေမြို့တော်မှာ အလွန်ကျော်ကြားလှတဲ့ ဟဒီဆ်ပညာရှင်တွေဖြစ်တဲ့ ရှိုက်ခ်ကအ်နဗီ(ရဟော့)၊

၁။ရှိုက်ခ်စအီးဒ်ဗင်န်မန်စူရ်(ရဟော့)၊

၂။ရှိုက်ခ် အဗူမဆွ်အဗ် ဇွာဟ်ရီ(ရဟေ့)သခင်တို့ထံမှာ ဟဒီဆ်တော်တွေကို
သင်ယူဆည်းပူးခဲ့ပါတယ်။

ဟဂ်ျပြုလုပ်ပြီးတဲ့ နောက်မှာ အေမာမ်ကြီးဟာ မက္ကဟ်ရွှေမြို့တော်မှာရှိတဲ့
ဟဒီးဆ်ပညာရှင်တွေထံ ချဉ်းကပ်ပြီး ဟဒီးဆ်ပညာတွေကို သင်ယူဆည်းပူးခဲ့တယ်။

အဲ့ကနေတဆင့် မဒီနဟ်ရွှေမြို့တော်မှာရှိတဲ့ ဟဒီဆ်ပညာရှင်
အိစ်မာအိလ်ဗင်န်အဗူအိုဝိုက်စ်(ရဟေ့)သခင်ရဲ့ထံမှာ ဟဒီဆ်တော်တွေကို
သင်ယူခဲ့ပြီးပြီးတဲ့နောက်မှာ အေမာမ်မွစ်လင်မ်ဟာ အီရတ်နိုင်ငံဘက်ကို
ခရီးထွက်ခွာလာခဲ့ပါတယ်။ ဒီခရီးမှာ အဟ်မဒ်ဗင်န်စလမဟ် နိုင်စာပူရီ(ရဟေ့)က
ခရီးဖော်အဖြစ် လိုက်ပါလာခဲ့တယ်။

✨အေမာမ်ကြီးရဲ့ဗဆွ်ရာနဲ့ကူဖွဟ်မြို့ခရီးစဉ်....

အေမာမ်ကြီးဟာ ဗဆွ်ရာမြို့နဲ့ ဗဂ်ဒါးဒ်မြို့သို့ ဝင်ခဲ့ပြီး
ဗဆွ်ရာမြို့မှဟဒီဆ်ပညာရှင်တွေဖြစ်တဲ့....

၁။အေမာမ်အဟ်မဒ်ဗင်န်ဟန်ဗလ်(ရဟေ့)

၂။အဗ်ဒွလ္လာဟ်ဗင်န်မစ်လမဟ်ကအ်နဗီ(ရဟ့ေ)

၃။ယဟ်ယာဗင်န်ဆွာအဒ်(ရဟ့ေ)

၄။ မိုဟမ္မဒ်ဗင်န်မိုခလ္လဒ်(ရဟ့ေ)စတဲ့ပညာရှင်တွေထံကနေ

ဟဒီဆ်တော်တွေကို သင်ယူဆည်းပူးခဲ့ပါတယ်။

အေမာမ်ကြီးဟာ ဗဆွ်ရာမြို့မှာ ဟဒီဆ်တော်အများစုကို
အေမာမ်အလီဗင်န်ဂျအဒ်(ရဟ့ေ)သခင်ထံကနေသင်ယူဆည်းပူးခဲ့ပေမယ့်
အေမာမ်အလီဗင်န်ဂျအဒ်(ရဟ့ေ)သခင်ဟာ အေမာမ်မွစ်လင်မ် ရဲ့
ဆွဟီးဟ်မွစ်လင်မ်ကျမ်းမှာ ဟဒီးဆ်တစ်စုံတစ်ရာမျှ ဆင့်ပြန်ထားခြင်း မရှိပါဘူး။

(အေမာမ်မွစ်လင်မ်ရဲ့ ဆွဟီးဟ်မွစ်လင်မ်ကျမ်းမှာ ဟဒီးဆ်တစ်စုံတစ်ရာမျှ
ဆင့်ပြန်ထားခြင်းမရှိတဲ့ အေမာမ်မွစ်လင်မ်ရဲ့ဆရာတွေကတော့
အေမာမ်ကွဟ်လီ(ရဟ့ေ)၊
အေမာမ်အလီဗင်န်ဂျအဒ်(ရဟ့ေ)၊အေမာမ်အလီဗင်န်မဒနီ(ရဟ့ေ)၊အေမာမ်မိုဟမ္မဒ်ဗင်န်
အဗ်ဒွလ်ဝဟ္ဘာဗ် ဖရ်ရားအ် (ရဟ့ေ) အစရှိတဲ့ ဟဒီးဆ်ပညာရှင်တွေပဲ ဖြစ်ပါတယ်။)

ပြီးတဲ့နောက်မှာ အေမာမ်မွစ်လင်မ်ဟာ ကူဖွဟ်မြို့ကို ဝင်ခဲ့ပြီး အေမာမ်အဟ်မဒ် ဗင်နယူနွတ်စ် (ရဟေ့)၊ အေမာမ် အွမွရ်ဗင်နဲ့ ဟဖ်ဆွ်ဗင်နဲ့ ကေယားစ် (ရဟေ့) သခင်တို့ထံမှာလည်း ဟဒီးဆ်ပညာကို သင်ယူဆည်းပူးခဲ့တယ်။

ထို့နောက် အေမာမ်မွစ်လင်မ်ဟာ မိမိ မွေးရပ်မြေဖြစ်တဲ့ နိုင်စာပူရ်ဒေသကို ပြန်လာခဲ့တယ်။ နှစ်ပေါင်းများစွာကြာပြီးတဲ့နောက် ဟိစ်ဂျ်ရီ ၂၃၀ ခုနှစ်မှာ ဟဒီးဆ်ပညာတွေကို သင်ယူဆည်းပူးဖို့အတွက် နောက်ထပ်တစ်ကြိမ် ခရီးကို အစပြုခဲ့တယ်။

ပြီးနောက် အေမာမ်မိုဟမ္မဒ်ဗင်နဲ့ခါလိဒ် စက်စကီ (ရဟေ့) ထံမှာ ဟဒီးဆ်ပညာရပ်တွေကို ဆည်းပူးဖို့အတွက် ဆီးရီးယားနိုင်ငံရှိ မြို့ဒေသတွေဘက်ကို ခရီးနှင်းခဲ့တယ်။

ပြီးနောက် အီဂျစ်နိုင်ငံရှိ ဟဒီးဆ်ပညာရှင်တွေဖြစ်တဲ့ အေမာမ် အမွရ်ဗင်နဲ့ စောင်ဝ်ဝါဒ်(ရဟေ့)၊အေမာမ် ဟရ်မလဟ်ဗင်နဲ့ယဟ်ယာ (ရဟေ့) သခင်တို့ထံမှာလည်း ဟဒီးဆ်ပညာတွေကို ဆည်းပူးခဲ့တယ်။

✨အေမာမ် မိုဟမ္မဒ်ဗင်န် အိစ်မာအိလ်ဗိုခါရီ (ရဟ့) သခင်နဲ့ အေမာမ်မွစ်လင်မ်တို့ရဲ့ ဆက်ဆံရေး

အေမာမ်မွစ်လင်မ်ဟာ မိမိရဲ့ ဆရာသခင်အပေါ် တန်ဖိုးထားလေးစားမှု၊ ဂုဏ်ပေးမှုတွေကြောင့် အေမာမ်ဗိုခါရီရဲ့ ကျောင်းသား တစ်ယောက်ဖြစ်ခဲ့ပါတယ်။

အေမာမ် မိုဟမ္မဒ်ဗင်န်ယအ်ကူးဗ် ဟာဖိဇ့် (ရဟ့)က ပြောပြတယ်။"မွစ်တ်လင်မ်ဗင်န်ဟဂ်ျာဂ်ျဟာ အေမာမ်ဗိုခါရီရဲ့ ရှေ့မှောက်မှာ ကလေးငယ်တစ် ယောက်ကမိမိဖခင်ကိုမေးခွန်း မေးနေသလိုမျိုး မေးနေတာကို ကျွန်တော် တွေ့မြင်ခဲ့ရတယ်။

အေမာမ်မွစ်လင်မ်ဟာ မိမိရဲ့ ဆရာသခင်ဖြစ်တဲ့ အေမာမ်ဗိုခါရီသခင်ထံကို ရောက်တဲ့အခါ အေမာမ်ဗိုခါရီဟာ မိမိရဲ့ တပည့် အေမာမ်မွစ်လင်မ်ရဲ့ နဖူးကို ချစ်စနိုးနဲ့ နမ်းရှုံ့လေ့ရှိတယ်။

✨အေမာမ်ကြီး၏ရိုသေတတ်မှု

အေမာမ် မွတ်စလင်မ်ဟာ အေမာမ် ဘူခါရီထက် အသက် ၁၀ နှစ်ခန့် ငယ်ပါတယ်။ သူတို့နှစ်ဦးရဲ့ဆက်ဆံရေးဟာ ရိုးရိုးသာမန်ထက် ပိုတဲ့ ကြည်ညိုလေးစားမှု ရှိခဲ့ပါတယ်။

အေမာမ်မွစ်လင်မ်ဟာ မိမိရဲ့ဆရာသခင် အေမာမ်ဗိုခါရီကို ပြောတယ်။"အို ဆရာ ကျွန်တော်ကို ဆရာ့ရဲ့ခြေတော်နှစ်ဖက်ကို နမ်းရှုံ့ခွင့်ပေးပါလို့ "ပြောလေ့ရှိတယ်။

တနေ့ အေမာမ်မွစ်လင်မ်ဟာ မိမိရဲ့ဆရာသခင်ကို ဤသို့ပြောတယ်။ " ဆရာ ကျွန်တော် ဆရာ့ကို ကျွန်တော့်အသက်ထက်ပိုချစ်ပါတယ်။ ဆရာ့ကို မနာလိုငြူစူတဲ့သူတွေ ကသာ ဆရာ့ကို မုန်းကြတာပါ။ ပြီးတော့ ဆရာ ဒီကျယ်ပြောလှတဲ့ ဒွန္နယာလောကကြီးမှာ ဆရာ့လို ဆရာမျိုး နောက်ထပ် မရှိဘူးဆိုတာ ကျွန်တော် သက်သေခံပါတယ်။"

အဲ့ဒီခေတ်က ပညာရှင်အချို့ကြားမှာ အယူအဆကွဲလွဲမှုတွေကြောင့် အေမာမ် ဘူခါရီအပေါ် ဝေဖန်မှုတွေ ရှိလာတဲ့အခါ၊ အေမာမ် မွတ်စလင်မ်ဟာ သူ့ဆရာဘက်ကနေ ရဲရဲဝံ့ဝံ့ ရပ်တည်ခဲ့ပါတယ်။ သူဟာ အေမာမ် ဘူခါရီကို ဝေဖန်တဲ့သူတွေရဲ့ သင်တန်းတွေကို စွန့်လွှတ်ခဲ့သလို၊ အဲဒီပညာရှင်တွေဆီက ရခဲ့တဲ့ ဟဒီးစ်မှတ်တမ်းတွေကိုတောင် ပြန်ပေးခဲ့တဲ့အထိ သစ္စာရှိခဲ့ပါတယ်။

အဲ့ဒီအချိန်ဟာ ဟိစ်ဂျ်ရီ ၂၅၀ ခုနှစ် အေမာမ်ဗိုခါရီသခင်က နိုင်စာပူရ်ဒေသကို အလည်အပတ်ခရီးဖြစ်ပါတယ်။ အေမာမ်ဗိုခါရီဟာ မိမိရဲ့ကျောင်းသားဖြစ်တဲ့ အေမာမ်မွစ်တ်လင်မ်ကို မထားခဲ့ရက်နိုင်ပဲ နိုင်စာပူရ်ဒေသမှာ အချိန်အနည်းငယ်ကြာသည်အထိ နေထိုင်ခဲ့ပါတယ်။ အေမာမ်မွစ်လင်မ်ဟာ မိမိရဲ့ ခက်ခဲနေတဲ့အချိန်တွေမှာ အေမာမ်ဗိုခါရီရဲ့ကျောင်းသားတစ်ဦးအဖြစ် ရှိနေခဲ့ပါတယ်။

အေမာမ် ဒါရ်ကွသ်ဗီ (ရဟ်) က ပြောပြတယ်။

အေမာမ်ဗိုခါရီသာ မရှိခဲ့ရင် အေမာမ်မွတ်စ်လင်မ်ဆိုတာလည်း ရှိလာမှာ မဟုတ်ဘူး။

✨အေမာမ်မွစ်လင်မ်၏မဇ်ဟဗ်လမ်းစဉ်

အေမာမ်ကြီးရဲ့မဇ်ဟဗ်လမ်းစဉ်နဲ့ ပတ်သက်ပြီး ဖိုင်ဇွလ်ဘာရီကျမ်းထဲမှာ အလ္လာမဟ် အန်ဝါးရ်ရှားဟ်ကရ်ှမီရီ(ရဟ်)သခင်ကြီးကရေးသားထားခဲ့တယ်။

'အိမာမ်မွတ်စ်လင်မ်ရဲ့မဇ်ဟဗ်လမ်းစဉ်ကိုတော့သိရှိရခြင်းမရှိဘူး။မွတ်စလင်မ်ကျမ်းရဲ့ခေါင်းစဉ်တွေနဲ့လည်းသိရှိရခြင်းမရှိဘူး။ခန့်မှန်းလို့လည်းမရနိုင်ဘူး။အကြောင်းကအဲ့ဒီခေါင်းစဉ်တွေကိုအခြားသူတွေကတပ်ခဲ့ကြတဲ့အတွက်ကြောင့်ဖြစ်တယ်။အလ္လာမဟ်အိဗ်နေအစီးရ်(ရဟ်)နဲ့အလ္လာမဟ် အန်ဝါးရ်ရှားဟ်ကရ်ှမီရီ(ရဟ်)သခင်တို့ရဲ့မွတ်ချက်တွေအရ အိမာမ်ကြီးဟာ မွတ်ဂျ်သဟီဒ်တစ်ဦးဖြစ်ကြောင်းသိရှိရတယ်။

✨အေမာမ်ကြီးပြုစုခဲ့သော ကျော်ကြားလှသည့်ကျမ်းများ

အိမာမ်မွတ်စ်လင်မ်ဟာ ဆွဟီးဟ်မွတ်စလင်မ်ကျမ်းအပြင်
အခြားမြောက်မြားစွာသောကျမ်းတွေကိုလည်းရေးသားပြုစုခဲ့တယ်။အဲ့ဒီစာပေကျမ်းဂန်
တွေကိုကြည့်ရှုခြင်းအားဖြင့် အေမာမ်ကြီးရဲ့ဝါသနာထုံမှု
စာပေလေ့လာလိုက်စားမှု၊သောကထားမှု၊
ပညာရေးဝါသနာ၊ပညာရေးဆိုင်ရာအလုပ်အကိုင်တွေကို
ခန့်မှန်းနိုင်ပါတယ်။အိမာမ်ဆဗ်ကြီး ရေးသားခဲ့တဲ့
ထိုကျမ်းစောင်တွေထဲကအနည်းငယ်ကို အောက်မှာတင်ပြလိုက်ရပါတယ်။

၁။အလ်မွတ်စ်နဒ်ကဘီးရ်ကျမ်း

ဒီကျမ်းကတော့ ဆင့်ပြန်သူ တွေအလိုက် ဟဒီးစ်တော်တွေကို စုစည်းထားတဲ့
ကျမ်းကြီးတစ်စောင် ဖြစ်ပါတယ်။

၂။အောင်ဟာမွလ်မုဟတ်ဒေစိန်းကျမ်း

ဟဒီးစ်ပညာရှင်တချို့ မှတ်သားမှု လွဲမှားခဲ့တဲ့နေရာတွေ၊ မှားယွင်းတတ်တဲ့ အချက်အလက်တွေကို ထောက်ပြပြင်ဆင်ထားတဲ့ ကျမ်းဖြစ်ပါတယ်။

၃။ အလ်အတ်စ်မာအ်ဝလ်ကုနာကျမ်း

ဒီကျမ်းမှာတော့ ဟဒီးစ်ဆင့်ပြန်သူတွေရဲ့ အမည်ရင်းများ နဲ့ သူတို့ရဲ့ ဘွဲ့အမည် တွေကို အသေးစိတ် မှတ်တမ်းတင်ထားပါတယ်။ ဟဒီးစ်ပညာရပ်မှာ ဆင့်ပြန်သူ ဘယ်သူဘယ်ဝါဆိုတာ ခွဲခြားနိုင်ဖို့ အင်မတန် အရေးကြီးတဲ့ အတွက်ကြောင့် လိုအပ်လှတဲ့ကျမ်းတစ်စောင်လည်းပဲဖြစ်ပါတယ်။

၄။ ကိသာဗွလ်အိလလ်ကျမ်း

ဟဒီးစ်တော်တွေရဲ့ ဆင့်ပြန်မှု လမ်းကြောင်းထဲမှာ ရှိနိုင်တဲ့ သိမ်မွေ့တဲ့ အားနည်းချက်တွေ၊ အမှားအယွင်းတွေကို ဖော်ထုတ်ပြသထားတဲ့ ကျမ်းဖြစ်ပါတယ်။

၅။ ကိသာဗွလ်သမ်ယီဇ်းကျမ်း

ဒီကျမ်းဟာ ဟဒီးစ်ပညာရှင်တွေအနေနဲ့ ဟဒီးစ်တော်တစ်ခု မှန်၊ မမှန်ကို ဘယ်လို စစ်ဆေးခွဲခြား ရမလဲဆိုတဲ့ နည်းစနစ်တွေကို ရေးသားထားတာ ဖြစ်ပါတယ်။ ဒီကျမ်းရဲ့ အစိတ်အပိုင်းတချို့ကို ယနေ့တိုင် လေ့လာနိုင်ဆဲ ဖြစ်ပါတယ်။

၆။အယ်လ်-ဂျာမိအ်

ဒါဟာ ဟဒီးစ်တော်တွေကို အကြောင်းအရာအစုံ (ဥပမာ - အကီဒဟ်၊ အိဗဒသ်၊ အကျင့်စာရိတ္တ) စုစည်းထားတဲ့ ကျမ်းကြီးဖြစ်ပါတယ်။

၇။မွတ်ခ်သွာရမီန်းကျမ်း

ဒီကျမ်းကတော့ "မုခဒ်ရမ်" လို့ခေါ်တဲ့ ပုဂ္ဂိုလ်တွေအကြောင်း ဖြစ်ပါတယ်။ (မုခဒ်ရမ် ဆိုတာကတော့ တမန်တော်မြတ် (ဆွ) ရဲ့လက်ထက်မှာ သက်ရှိထင်ရှားရှိခဲ့ပေမဲ့ တမန်တော်မြတ်နဲ့ လူကိုယ်တိုင် မတွေ့ဆုံခဲ့ရဘဲ နောက်ပိုင်းမှ အစ္စလာမ်သာသနာဝင် ဖြစ်လာသူတွေကို ခေါ်တာပါ)။

၈။ အောင်လာဒွတ်စ် ဆွဟာဗာကျမ်း

တမန်တော်မြတ် (ဆွ) ရဲ့နောက်လိုက် ဆွဟာဗဟ်ကြီးတွေရဲ့သားသမီးတွေဆီကနေ ဆင့်ပြန်လာတဲ့ ဟဒီးစ်တော်တွေကို သီးသန့် စုစည်းထားတာ ဖြစ်ပါတယ်။

✨အေမာမ်မွစ်လင်မ် ကွယ်လွန်ခြင်း။

အေမာမ်မွတ်စလင်မ်ဝဖားသ်ဖြစ်တာနဲ့ပတ်သက်ပြီးတော့

အေမာမ် ဇဟ်ဗီသခင်က ပြောပြခဲ့တယ်။

တစ်နေ့အေမာမ်မွတ်စလင်မ်ဟာနိုင်စာပူရ်ရဲ့ဟဒီစ်ထိုင်ဝိုင်းတစ်ခုမှာဟဒီစ်နဲ့ပတ်သက်ပြီး
မေးမြန်းခြင်းခံခဲ့ရတယ်။အေမာမ်ကြီးဟာဒီဟဒီစ်တွေကိုကျွန်တော်မသိဘူးလို့ပြောလိုက်
ပြီးမိမိရဲ့အိမ်ကိုပြန်လာတယ်။ပြန်လာပြီးတော့အဲ့ဒီဟဒီစ်နဲ့ပတ်သက်ပြီးစူးစမ်းလေ့လာရှာ
ဖွေမှုတွေကိုစတင်ပြုလုပ်ခဲ့တယ်။ အဲ့ဒီမှာ လူတစ်ယောက်က
အိမ်တံခါးလာခေါက်တယ်။

အိမ်ထဲမှာလူရှိလားဟေ့...ဆိုတော့ အေမာမ်ကြီးက မင်းတို့တွေ
အိမ်ထဲကိုမဝင်ကြနဲ့လို့ပြောလိုက်တယ်။ အဲ့ဒီလူကလည်း အိမ်ထဲမဝင်တော့ပဲ
အိမ်အဝမှာ စွန်ပလွံသီးတွေအပြည့်ပါတဲ့ခြင်းတစ်လုံးကို ချခဲ့လိုက်တယ်။ အေမာမ်ကြီးရဲ့
တပည့်တစ်ယောက်က အဲ့ဒီခြင်းကို ယူပြီး အေမာမ်ကြီးနားမှာ
ထားခဲ့လိုက်တယ်။အေမာမ်ကြီးဟာမိမိနားမှာထားရှိတဲ့ စွံပလွံသီးေတွကိုစားရင်း
ဟဒီစ်တွေကိုတစ်အုပ်ပြီးတစ်အုပ်လှန်လှောရှာဖွေရင်းနဲ့
တစ်ညတာကုန်ဆုံးမှန်းမသိကုန်သွားခဲ့သလို စွံပလွန်သီးတွေဟာလည်းကုန်သွားခဲ့တယ်။
နံနက်မိုးသောက်ချိန် ရောက်တဲ့အခါ စွံပလွံသီးတွေလည်းကုန် အေမာမ်ကြီးရှာဖွေနေတဲ့
ဟဒီးဆ်လည်းတွေ့ရှိခဲ့ရပေမဲ့ အေမာမ်ဟာကိမ်က ပြောပြတယ် ဒါဟာ အေမာမ်ကြီး
ဝဖွားသ်ဖြစ်ရတဲ့ အကြောင်းခံပါပဲ။

အကြောင်းခံမှာတော့ အေမာမ်ကြီးက ဟဒီးစ်တော် တွေကို ရှာဖွေရာတွင်
အာရုံစိုက်လွန်းလှသဖြင့် ဘေးနားက စွန်ပလွန်သီးတွေကို တစ်လုံးပြီးတစ်လုံး
ယူစားနေခဲ့တယ် သူရဲ့စိတ်က စာအုပ်ထဲမှာသာ ရှိနေပြီး ပါးစပ်ကတော့
အလိုအလျောက် စားနေမိခြင်းဖြစ်တယ်ညကုန်ဆုံး၍ ဟဒီးစ်တော်ကို
ရှာဖွေတွေ့ရှိသွားချိန်တွင် စွန်ပလွန်သီး တစ်ခြင်းလုံးမှာလည်း ကုန်သွားခဲ့ပြီဖြစ်တယ်။

စွန်ပလွန်သီး အမြောက်အများကို တစ်ထိုင်တည်း စားမိလိုက်ခြင်းကြောင့် အစာအိမ်နဲ့
အူလမ်းကြောင်းမှာ ပြင်းထန်တဲ့ ဝေဒနာ အစာမကြေခြင်း သို့မဟုတ်
အစာအဆိပ်သင့်သကဲ့သို့ ဖြစ်ခြင်း ကို
ခံစားခဲ့ရတယ်။အဲ့ဒီအတွက်ကြောင့်ပဲအိပ်ရာထဲလဲပြီး ရက်အနည်းငယ်အကြာမှာ
ဝဖာသ်ဖြစ်သွားခဲ့တာ ဖြစ်ပါတယ်။

✨အေမာမ်မွတ်စလင်မ်အားအိုလမာသာသနာ့ပညာရှင်တို့၏ချီးကျူးမှု

အေမာမ်မွတ်စ်လင်မ်ဟာမိမိနဲ့သက်တူရွယ်တူသာသနာ့ပညာရှင်တို့ရဲ့ဂုဏ်ပေးလေးစားမှု့
ကိုခံခဲ့ရရုံသာမက၊မိမိဆရာသခင်တို့ရဲ့ဂုဏ်ပေးလေးစားမှု့ကိုပါခံခဲ့ရတယ်။အိုလမာသာ
သနာ့ပညာရှင်တွေဟာ၊အေမာမ်မွတ်စလင်မ်ရဲ့မွန်မြတ်မှု့ကနေဟဒီစ်တွေကိုဆင့်ပြန်ခဲ့ကြ
တယ်။သာသနာ့ပညာရှင်တွေကအေမာမ်ကြီးကို၊အဆင့်အတန်းမြင့်မားသူ၊ဖြတ်လတ်စွာ
သိရှိသူလို့ညွှန်းဆိုကြတယ်။

အေမာမ်မွတ်စလင်မ်ရဲ့ဆရာအိစ်ဟာက်ဗင်နရာဝိုင်းယဟ်လို
ဟဒီစ်ပညာရှင်ကြီးကတောင်
အေမာမ်မွတ်စလင်မ်အတွက်ကြီးမားတဲ့အနာဂတ်ကိုမျှော်လင့် နေခဲ့တယ်။

"ဘယ်ပုဂ္ဂိုလ်ကများ မွတ်စလင်မ်ဗင်နဟဂျ်ဂျားဂျ်လိုမျိုးဖြစ်ရှိနိုင်အုန်းမည်နည်း"ဟု
အေမာမ် အိစ်ဟာက်ဗင်နရာဝိုင်ယ်သခင်ကပြောလေ့ရှိတယ်"

အေမာမ်ကြီးနဲ့ပတ်သက်ပြီးအေမာမ်ကြီးရဲ့ဆရာသခင်ဖြစ်သူ
ရှိုင်ခ်အဗ်ဒွလ်ဝဟ်ဟားဗ်ဖရ်ရားအ်သခင်ကအမိန့်ရှိတယ်။

"အေမာမ်မွတ်စလင်မ်ဟာအိလိင်မ်ပညာကိုနားလည်သူတို့ရဲ့သာသနာပညာရှင်ဖြစ်တယ်။
ကျွန်တော်ဟာအိမာမ်မွတ်စလင်မ်နဲ့ပတ်သက်ပြီးအကောင်းတွေချည်းသာသိရှိခဲ့ရပါတယ်
။"

ရှိုခ်အေမာမ်အိဗ်နေဆွလာဟ်(ရဟ်)ကအိမာမ်ကြီးအတွက်ဒုိအာဆုမွန်
တောင်းခံပေးခဲ့တယ်။

"ကြယ်တာယာကဲ့သို့ အေမာမ်မွတ်စလင်မ်ရဲ့ကျမ်းစာအုပ်ဖြစ်တဲ့
ဆွဟီးဟ်ကျမ်းကိုအကြောင်းခံပြီး၊မြင့်မြတ်တော်မူသောအလ္လာဟ်အရှင်မြတ်ကအေမာမ်
ကြီးရဲ့အဆင့်အတန်းကိုမြင့်မားစေတော်မူပါစေ"ဆိုပြီး။

မိမိဆရာသခင်တွေရဲ့ဒီအာနဲ့အေမာမ်မွတ်စလင်မ်ဟာ
ဟဒီစ်ပညာနဲ့တခြားသောပညာရပ်တွေမှာထပ်ခါတလဲလဲဖော်ပြခြင်းခံရတဲ့ပညာရှင်တစ်
ပါးဖြစ်လာခဲ့တယ်။ဒါဟာအလွာဟ်အရှင်မြတ်ရဲ့ကျေးဇူးတော်ပဲ
ဖြစ်ပါတယ်။အလွာဟ်အရှင်မြတ်ကမိမိအလိုရှိတဲ့သူကိုပဲပေးသနားတော်မူတယ်။

ရှိုင်ခ်အေမာမ်အိဗ်နေအခ်ရမ်ကအမိန့်ရှိတယ်။

ကျွန်တော်တို့မြို့မှာဟဒီစ်ပညာရှင်၃ပါးထွက်ပေါ်လာတယ်။

အဲ့ဒီဟဒီစ်ပညာရှင်တွေက

၁။မိုဟမ္မဒ်ဗင်န်ယဟ်ယာ

၂။အီဗ်ရာဟီမ်ဗင်န်အဗူသွာလိဗ်

၃။အေမာမ်မွတ်စလင်မ်တို့ဖြစ်တယ်။

အေမာမ်ဗန်ဒါရ်ကအမိန့်ရှိတယ်။

ထူးခွန်ပြောင်မြောက်လှတဲ့ဟာဖိစ်၄ပါးရှိတယ်။

၁။အေမာမ်အဗူဇွရ်အဟ်

၂။အေမာမ်မုဟမ္မဒ်ဗင်န်အိစ်မာအီလ်ဗုခါရီ

၃။အေမာမ်ဒါရေမီ

၄။အေမာမ်မွတ်စလင်မ်တို့ဖြစ်တယ်။

(ဟဒီစ်ရဲ့ဟာဖိစ်ဆိုတာက.....များပြားလှတဲ့ဟဒီစ်တွေကို
အလွတ်ကျက်မှတ်အာဂုံဆောင်ထားပြီး၊ရာဝီတွေရဲ့အခြေအနေအလုံးစုံနဲ့စနဒ်လမ်းစဉ်
တွေကိုခိုင်မာတို့ကျပြည်စုံကုံလုံတဲ့အထောက်အထားတွေနဲ့တကွသို့ရှိတဲ့သူတွေကိုခေါ်ဆို
တယ်)

အေမာမ်အဟ်မဒ်ဗင်န်စလမာဟ် နိုင်စာပူရီ(ရဟ်)ကမိန့်တယ်။

"အဗူဇွရ်အဟ်နဲ့အဗူဟာသင်မ်ကိုကျွန်ုပ်တွေ့မြင်ခဲ့ရတယ်။

သူတို့နှစ်ယောက်ဟာအေမာမ်မွတ်စလင်မ်ဗင်န်ဟဂ်ျာဂ်ျကိုမိမိတို့နဲ့တစ်ခေတ်တည်းရှိ
တဲ့၊ဆရာတွေထက်ပိုပြီးမှန်ကန်တယ်လို့သိထားကြတယ်။"

အေမာမ်ဂျမာလ္လဒ္ဒိန်းမဇ္ဈိကမိန့်တယ်။

ဟာဖိစ်ဟာကင်မ်အဗူအဗ်ဒွလ်လ္လာဟ်ကပြောပြခဲ့တယ်။

အဗူအမရ်မစ်သမ်လီရဲ့လက်ရေးမူနဲ့ကျွန်တော်ဖတ်ခဲ့ဖူးတယ်။အဲ့ဒီလက်ရေးမူကိုအိစ်ဟာက်ဗင်နမန်စူးရ်ကမိမိရဲ့အသက်(25)နှစ်အရွယ်မှာပေးခဲ့တယ်။

အဲ့ဒီလက်ရေးမူမှာ အိမာမ်မွတ်စလင်မ်ဗင်နဟဂျ်ဂျာဂျ်က
အဗူအမရ်အပေါ်ရွေးချယ်ခံရလို့
အေမာမ်ကြီးကိုကျေးဇူးဆပ်ဖို့ရှာနေခဲ့တယ်။မွတ်စလင်မ်တွေအတွက်အလ္လာဟ်အရှင်မြတ်ကအေမာမ်ကြီးကိုစောင့်ရှောက်နေသရွေ့ငါတို့ရဲ့ကောင်းမှုတွေကလက်မဲ့ဖြစ်မှာမဟုတ်ဖူး။"

အေမာမ်ဂျမာလ္လဒ္ဒိန်းဆဗ်ကထပ်ပြောတယ်။

အုမရ်ဗင်နအဟ်မဒ်ဇာဟိဒ်ပြောတာကိုကျွန်တော်ကြားခဲ့တယ်။

ကျွန်တော်တို့ထဲမှာစိတ်အချရဆုံးသူဖြစ်တဲ့အဗူစအီဒ်ဗင်နယအ်ကူးဗ်က ပြောပြခဲ့တယ်

"အဗူသွရ်အဟ်က၊ဟီရာဟ်
ဆိုတဲ့လမ်းမကြီးမှာမွတ်စလင်မ်စာအုပ်ရဲ့အပိုင်းအစလေးကိုသူ့လက်ထဲမှာကိုင်ဆောင်ရင်းအိပ်ပျော်နေတာကိုကျွန်တော်တွေ့ခဲ့ရတယ်။ကျွန်တော်ကပြောတယ်.....ခင်ဗျားကိုအလွာဟ်ကဘာပြုလုပ်လိုက်လဲ?
ကျွန်တော်ထွက်သွားမှသူကဒီမွတ်စ်လင်မ်အပိုင်းအစလေးကိုညွှန်ပြတယ်။"

အေမာမ်ယဟ်ယာဗင်နှ်ရှရမ်နောင်ဝရီကမိန့်တယ်။

"အေမာမ်ကြီးဟာ
ပညာရှင်တို့ရဲ့အလံတွေထဲကအလံတစ်ခုဖြစ်တယ်။အေမာမ်မွတ်စလင်မ်ဟာသာသနာ့ပညာရှင်တွေထဲမှာအထင်ရှားဆုံးသူတစ်ယောက်ဖြစ်တယ်။အာဂုံဆောင်ကျက်မှတ်တဲ့နေရာမှာလည်းကျွမ်းကျင်ပိုင်နိုင်သူဖြစ်တယ်။"

ခရီးသွားလာသူတွေကနိုင်ငံရဲ့သာသနာ့ပညာရှင်တွေထံတောင်းဆိုကြတယ်။

"အတတ်ပညာနဲ့အသိုပညာရှိသူတွေကြားသဘောထားကွဲလွဲမှုမရှိပဲ
ဒီစာအုပ်ဟာတိုးတက်အောင်မြင်ကြောင်းတစ်ညီတညွတ်တည်းအသိအမှတ်ပြုကြပါတယ်ဆိုပြီး"

အေမာမ်မုဟမ္မဒ်စီဒ္ဒီးက်ခါးန်ကအမိန့်ရှိတယ်။

"အေမာမ်မွတ်စလင်မ်ဗင်နဟဂျ်ဂျားဂျ်ကိုရိုင်ရီဗဂ်ဒါဒီဟာ၊ဟာဖိစ်ပညာရှင်တွေထဲကပ
ညာရှင်တစ်ပါးဖြစ်တယ်။ဟဒီစ်ပညာရှင်တွေကြားထဲမှာအသိဆုံးသူဖြစ်တယ်။

အေမာမ်ဗုခါရီမရှိတော့တဲ့နောက်အေမာမ်မွတ်စလင်မ်ဟာ
ဟဒီစ်နယ်ပယ်မှာခိုရာစာန်ရဲ့အေမာမ်တစ်ယောက်ဖြစ်ခဲ့တယ်။"

အေမာမ်နောင်ဝရီကမိန့်တယ်။

"ကုရ်အာန်ကျမ်းတော်မြတ်ပြီးတဲ့နောက်ပိုင်းမှာအမှန်ကန်ဆုံးကျမ်းကဆိုရင်၊ဆွဟီဟ်းကျ
မ်းစာအုပ်နှစ်အုပ်ဖြစ်တဲ့ဗုခါရီနဲ့မွတ်စလင်ကျမ်းတို့ဖြစ်တယ်။ဒီဆွဟီဟ်ကျမ်းနှစ်ခုအပေါ်
မှာပညာရှင်တွေကတစ်ညီတညွတ်တည်းလက်ခံထားကြတယ်။"

✨အိမာမ်ကြီး၏ဆွဟီးဟ်မွတ်စလင်မ်ကျမ်း

ဆွဟီးဟ်မွတ်စလင်မ်ကျမ်းဟာဆိုရင်အလွန်ကျော်ကြားတဲ့ဂျာမေအ်ဆွဟီးဟ်ကျမ်းဖြစ်
တယ်။ဒီကျမ်းဟာ
အဲဟ်လေစွန္ဒသ်ဝလ်ဂျမာအသ်ထံမှာဟဒီစ်ကျမ်းတွေရဲ့မိခင်မွန်ဖြစ်တယ်။ဂျာမေ့အ်ကျမ်း
တွေထဲကကျမ်းတစ်ကျမ်းဖြစ်တယ်။ဆွဟီးဟ်ဗုခါရီကျမ်းပြီးတဲ့နောက်မှာဒုတိယဆွဟီး

ဟ်ကျမ်းစာအုပ်တစ်အုပ်ဖြစ်ခဲ့တယ်။ဟဒီစ်ကျမ်းကြီးဇကျမ်းထဲကတစ်ကျမ်းအပါအဝင်လည်းဖြစ်ခဲ့တယ်။

အေမာမ်မွတ်စလင်မ်ဟာဟဒီစ်ပေါင်းသုသိန်းကိုရွေးချယ်ခဲ့ပြီး
အဲ့ဒီဟဒီစ်တွေကိုအာဂုံဆောင်ခဲ့တယ်။မွတ်စလင်မ်ကျမ်းမှာဆိုရင်ဆင့်ပြန်မူတွေမရှိခဲ့ပေမဲ့ဒီဟဒီစ်တွေရဲ့မှန်ကန်မူအပေါ်မှာပညာရှင်တွေကတညီတညွတ်တည်းစည်းလုံးခဲ့ကြတယ်။

အေမာမ်ဒေဟ်လဝီကအမိန့်ရှိခဲ့တယ်။

"အဆင့်အတန်းမြင့်မားတဲ့ဟဒီစ်ပညာရှင်တွေရဲ့ကြားမှာကျွန်တော်ဟာဒီကျမ်းနဲ့လစ်ဟာနေတဲ့အရာတွေကိုမှန်ကန်အောင်ပြုပြင်ဖို့ဆန္ဒရှိပါတယ်။"

အေမာမ်မွတ်စလင်မ်ဟာ
မွတ်စလင်မ်ကျမ်းထဲမှာရှိတဲ့ဆွဟီးဟ်ဟဒီစ်အားလုံးကိုခြုံငုံပြီးတင်ပြခဲ့ခြင်းမရှိဘူး။အေမာမ်ဆဗ်ကြီးကပြောပြခဲ့တယ်။

ကျွန်တော်ထံမှာဆွဟီးဟ်အားလုံးမရှိဖူး။ကျွန်တော်ဟာဒီဟဒီစ်ကို
ဒီနေရာမှာထားတယ်ဆိုရင်အဲ့ဒီထားခဲ့တဲ့နေရာမှာပဲ

ဟဒီစ်ပညာရှင်တွေကအဲ့ဒီဟဒီစ်အပေါ် မှန်ကန်ကြောင်း
စည်းလုံးခဲ့ကြတယ်။အေမာမ်မွစ်လင်မ်ဟာမွတ်စလင်မ်ကျမ်းကိုပြန်လည်သုံးသပ်မှုတွေ
လုပ်ခဲ့ပြီး၊မိမိခေတ်မှာရှိတဲ့ဆရာသခင်တွေကိုတင်ပြခဲ့တယ်။အဲ့ဒီထဲကဆရာသခင်တစ်
ပါးကတော့အေမာမ်အဗူသွရ်အဟ်ရာဇီဖြစ်တယ်။ဆရာသခင်ကြီးကဆိုရင်ဟဒီစ်ပညာရ
ပ်မှာပညာရှင်တွေထဲကကြီးကျယ်တဲ့ပညာရှင်ကြီးတစ်ယောက်ဖြစ်တယ်။

အေမာမ်မွတ်စလင်မ်ကမိန့်တယ်။

"ကျွန်တော်ဒီစာအုပ်ကိုအဗူသွရ်အဝ်ရာဇီထံတင်ပြခဲ့တယ်။အကြောင်းပြချက်ရှိတယ်ဆို
တဲ့ ညွှန်ပြချက်တွေအားလုံးကို ကျွန်တော်ချန်လှပ်ထားလိုက်တယ်။"

အိမာမ်ကြီးက ဆွဟီဟ်မွတ်စလင်မ်ကျမ်းကို15နှစ်ကြာအောင်ပြုစုခဲ့ပြီး
ဟိဂ်ျရီ25ခုနှစ်မှာ ဖတ်ခြင်းပြီးမြောက်ခဲ့တယ်။ဆွဟီဟ်းမွတ်စ်လင်မ်ကျမ်းထဲမှာ
မထပ်ပဲပါရှိတဲ့ဟဒီစ်တော်တွေရဲ့အရေအတွက်က၃၀၃၃ပုဒ်ဖြစ်တယ်။အိမာမ်ကြီးကဟဒီ
စ်တော်တွေကိုစုဆောင်းရေးသားတဲ့နေရာမှာ
ခေါင်းစဉ်တပ်ခြင်းကိုပြုလုပ်ခဲ့ခြင်းမရှိဘူး။သို့ပေမဲ့လည်းအိမာမ်ဆဗ်ကြီးရဲ့ဆွဟီဟ်းကျ
မ်းဟာ
စီရသ်၊အာဒါး်ဗ်၊သဖ်စီး်ရ်၊အကာအိဒ်၊ရေ့ကား်က်၊အဟ်ကား်မ်၊အရှ်ှ်ရားသွ်၊မနာကိဗ်တို့
ပါရှိတဲ့အတွက်ကြောင့်ဂျာမိအ်ကျမ်းစောင်တစ်စောင်ပင်ဖြစ်ပါတော့သည်။

ဤတွင်အီမာမ်ကြီး၏အတ္ထုပတ္တိုအကျဉ်းပြီး၏

ကိုးကား။

1. لوامع الأنوار البهية.

2.تاريخ التراث العربي.

3.تهذيب الأسماء واللغات.

4.سير أعلام النبلاء.

5.الإمام مسلم ومنهجه في صحيحه.

6.البداية والنهاية.

7.صيانة صحيح مسلم من الإخلال واللغات.

8.الكنى والأسماء للإمام مسلم.

9.تاريخ مدينة دمشق.

10.الأربعين المرتبة على طبقات الأربعين.

11.الرواة عن مسلم بن الحجاج للمقدسي.

12.تدريب الراوي في شرح تقريب النواوي.

13.تهذيب التهذيب.

14.فتح الملهم شرح صحيح مسلم.

15.موقف الإمامين البخاري ومسلم.

16.مختصر تاريخ نيسابور.

17كتاب شخصيات إسلامية.

18علوم الحديث لابن الصلاح.

19.أبجد العلوم الوشي المرقوم.

20.الإنصاف في بيان أسباب الاختلاف.

21.صحيح مسلم (طبعة البابي الحلبي).

22.التنبيهات المجملة على المواضع المشكلة.

23. فيض الباري